# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲအပေါ် မြန်မာ့တော်လှန်ရေး အင်အားစုများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးတွဲကြေညာချက် သဝဏ်လွှာ

**အမှတ် ၁ (၈) / ၇ / ၂၄** — **၁၆ ဩဂုတ်လ၊ ၂၀၂၄။**

မြန်မာ့အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ လွတ်လပ်စွာ ပြောရေးဆိုခွင့်နှင့် နိုင်ငံသား အခွင့်အရေးများကို အကြမ်းဖက် ဖိနှိပ် ချိုးဖောက်ကျူးလွန်နေသည့် အာဏာရှင် အစိုးရအား ကျောင်းသား လူငယ် အင်အားစုများနှင့် ဖိနှိပ်ခံ ပြည်သူတို့က ဆယ်စုနှစ်ကျော် မဆုတ်မနစ် တောင်းဆိုတိုက်ပွဲဝင်ကြခဲ့သည့် ရလဒ် အဖြစ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ အာဏာ စွန့်လွှတ်ရသည့် အောင်မြင်မှုအတွက် မိမိတို့အနေဖြင့် ထပ်တူ နှစ်ထောင်း အားရ ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ဘင်္ဂလားဒေ့ရှ် ကျောင်းသားလူငယ်များနှင့် အလုပ်သမား လယ်သမား ပြည်သူ့ အင်အားစုများ၏ တောင်းဆိုမှုအရ ကြားဖြတ် အစိုးရအဖြစ် တာဝန်ယူကြမည့် ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဒေါက်တာ မုဟမ္မဒ် ယူနွတ်စ် ဦးဆောင်သော အကြံပေး တာဝန်ခံများ အနေဖြင့် ကြီးလေးများမြောင်သည့် တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင် စေကြောင်း ဆန္ဒပြု ဆုမွန်ကောင်း ပေးပို့အပ်ပါသည်။

ထိုနည်းတူ ဘင်္ဂလားဒေ့ရှ် ကြားဖြတ် အစိုးရအနေဖြင့် မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေး အစိုးရနှင့်တကွ မဟာမိတ် တိုင်းရင်းသား လူမျိုးစု တော်လှန်ရေး အင်အားစုများ၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး လှုပ်ရှားမှုများကို ပူးပေါင်းပံ့ပိုး ကြပါရန် လေးနက်စွာ ဆန္ဒပြုပါသည်။

ရက်သတ္တပတ်အတွင်း အကြမ်းဖက် ဖိနှိပ် သတ်ဖြတ်ခံခဲ့ရသော ကျောင်းသား လူငယ်များနှင့် အရပ်သား ပြည်သူ ၅၀၀ ကျော် အတွက် မြန်မာ့နွေဦး တော်လှန်ရေးတွင် အသက်ခန္ဓာ နှင့် အိုးအိမ်များ စွန့်လွှတ် ပေးဆပ်သွားကြသူများနှင့် ထပ်တူ ဂါဝရထား အလေးပြုပါသည်။

မြန်မာ့နွေဦး တော်လှန်ရေး အင်အားစုများက အာဏာရှင်အဆက်ဆက်၏ ကျူးလွန်မှုများအတွက် တာဝန်ယူ တာဝန်ခံမှုရှိစေရန် တရားမျှတမှု ဆောင်းကျဉ်းသည့် တာဝန်ကို ထမ်းဆောင်ကြသည့် နည်းတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေး တိုက်ပွဲ ဦးဆောင်ခဲ့သူ မျိုးဆက် အာဏာပိုင် အသီးသီး၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ နိုင်ငံသား အခွင့်အရေးနှင့် လွတ်လပ်စွာ ပြောရေးဆိုခွင့်များအတွက် ရပ်တည် တောင်းဆိုကြသည့် ကျောင်းသား လူငယ်များ၊ သတင်းသမားများ၊ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများစွာကို မရေမတွက်နိုင် လောက်အောင် များပြားလှသော အကြမ်းဖက်ဖိနှိပ်မှုဖြစ်ရပ်များစွာအတွက် တရားမျှတမှု ပြန်လည်ရရှိစေရန် ဆောင်ရွက်ကြမည့် လှုပ်ရှားမှုများတွင်လည်း အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် လွတ်မြောက်ရေးလှုပ်ရှားမှုများတွင် ကျောင်းသား လူငယ်များ၊ အလုပ်သမား၊ လယ်သမားနှင့် ပြည်သူများ၏ အကြမ်းမဖက် အာဏာဖီဆန်လှုပ်ရှားမှုနှင့် လက်နက်ကိုင် တော်လှန်ရေး လှုပ်ရှားမှုများ ဟန်ချက်ညီမှုခြင်းဆိုင်ရာ အရေးကြီးသော သင်ခန်းစာများကို နှိုင်းယှဉ် လေ့လာသင်ယူ ရပါသည်။

ဒီမိုကရေစီ၊ လူ့အခွင့်အရေး နှင့် လွတ်မြောက်ရေးလှုပ်ရှားမှု ဦးဆောင်သူများ ကိုယ်တိုင်က ဒီမိုကရေစီ၊ လူ့အခွင့်အရေး နှင့် လွတ်မြောက်ရေးလှုပ်ရှားမှုကို ကန့်သတ် ဖိနှိပ်ကျူးလွန်သူများအဖြစ် သမိုင်းတပတ်လည်သည့် အဆိုးကျော့ သံသရာ သင်ခန်းစာများကို အတူတကွ ဆင်ခြင်သုံးသပ် အလေးထား ဂရုပြုကြရပါသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အာမခံပြီး လက်နက်ကိုင် အဖွဲ့အစည်းများက အရပ်သားအစိုးရကို တာဝန်ခံသည့် နိုင်ငံရေးစနစ် ပြန်လည်ထွန်းကား အားကောင်းစေရန် ရည်မှန်းသည့် ဘင်္ဂလားဒေ့ရှ် ကျောင်းသား လူငယ်များ၊ အလုပ်သမားနှင့် လယ်သမားအင်အားစုများ၏ လှုပ်ရှားမှုများသည် မြန်မာ့နွေဦးတော်လှန်ရေး ရည်ရွယ်ချက်ပန်းတိုင် များနှင့် အတူတကွ ဖြစ်ကြောင်း ခံယူပါသည်။

မြန်မာပြည်သူများ၏ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ် ဟူသမျှ အမြစ်ဖြုတ်ရေးနှင့် တန်းတူရည်တူရှိ သည့် ဖက်ဒရယ်တိုင်းပြည် တည်ထောင်ရေး တော်လှန်ရုန်းကန်မှုတွင်လည်း ဘင်္ဂလားဒေ့ရှ် ပြည်သူများနှင့် ပေါ်ပေါက် လာမည့် အစိုးရခေါင်းဆောင်တို့အနေဖြင့် မြန်မာပြည်သူများဘက်မှ ပြည့်ပြည့်ဝဝ ရပ်တည် ထောက်ခံမည်ဟုလည်း ယုံကြည်မျှော်လင့် ပါသည်။

မြန်မာစစ်အုပ်စု၏ အကြမ်းဖက် စစ်ဆင်ရေးများကြောင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးခိုလှုံနေကြရသည့် ရိုဟင်ဂျာ လူမျိုးစုများကို လူသားချင်း စာနာမှု အကူအညီဖြင့် စောင့်ရှောက်ထားကြသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူများနှင့် တာဝန်ရှိသူများကိုအထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ပေါ်ပေါက်လာမည့်အစိုးရအနေဖြင့်ရိုဟင်ဂျာလူမျိုးစုများအရေး နှင့် ပတ်သက်၍ အမျိုးသားညီညွတ်ရေးအစိုးရနှင့်တကွ အာရက္ခပြည် ကိုယ်စားပြု အင်အားစုများနှင့် အတူတကွ ပူးပေါင်း၍ အကောင်းဆုံးနည်းလမ်းများဖြင့် ဖြေရှင်းနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ပါသည်။

**မိမိတို့ မြန်မာ့နွေဦးတော်လှန်ရေး အင်အားစုများနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် စစ်အာဏာရှင်နှင့် အာဏာရှင် စနစ်မှန်သမျှ ချုပ်ငြိမ်းရေး၊ လူမျိုးကြီးဝါဒနှင့် မဟာဖိုဝါဒ ချုပ်ငြိမ်းရေး၊ ကျူးလွန်သူများ တာဝန်ခံစေရေးနှင့် ကျူးလွန်ခံ ရသူများအတွက် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ရရှိစေရေးတို့အတွက် ဘင်္ဂလားဒေ့ရှ်မှ ကျောင်းသား လူငယ်၊ အလုပ်သမား၊ လယ်သမား ပြည်သူများနှင့် ထပ်တူ သွေးစည်း ညီညွတ်စွာ ပူးပေါင်းတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း လေးနက်စွာ ဆန္ဒပြုရင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကျောင်းသား လူငယ်များနှင့် ပြည်သူများ၏ အောင်မြင်မှုများအတွက် ဝမ်းမြောက် ဂုဏ်ယူကြောင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။**

**မြန်မာ့နွေဦး တော်လှန်ရေးအင်အားစုများနှင့် အရပ်ဘက်အဖွဲ့အစည်းများ။**

## ဆက်သွယ်ရန်

သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှု (BMC), info@bmcmyanmar.com
အထွေထွေသပိတ် ပေါင်းစပ်ညှိနှိုင်းရေး အင်အားစု (GSCB), gscb.strike@pm.me
စစ်ငြိမ်းပန်း ဖောင်ဒေးရှင်း (SNPF), sittnyeinpannfoundationmyanmar@gmail.com
လူမျိုးပေါင်းစုံ မျိုးဆက်များ သွေးစည်းညီညွတ်သော မဟာမိတ်အင်အားစု (GSCN), gscn21@gmail.com

ယခု ပူးတွဲ ကြေညာချက် သဝဏ်လွှာအား မြန်မာ့တော်လှန်ရေးအင်အားစုများနှင့် အရပ်ဘက် အဖွဲ့အစည်းပေါင်း ၂၅၅ ဖွဲ့ က လက်မှတ်ရေးထိုး ပေးပို့ပါသည်။ အမည်ဖော်ပြထားသော အဖွဲ့အစည်း ၁၇၈ ဖွဲ့နှင့် ပြည်တွင်း လုံခြုံရေး အခြေအနေများ၊ စစ်အုပ်စု၏ ဆက်လက်ကျူးလွန်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အမည် မဖော်ပြသော အဖွဲ့အစည်း ၇၇ ဖွဲ့ ပါဝင်သည်။

### ပူးတွဲ ကြေညာချက် သဝဏ်လွှာတွင် ပါဝင်သည့် တော်လှန်ရေး အင်အားစုများနှင့် အရပ်ဘက် အဖွဲ့အစည်းများ။

1. 5/ of Zaya State Strike
2. Action Committee for Democracy Development (ACDD - Coalition of 12 Grassroots Networks)
3. Action Committee of Basic Education Students (ACBES)
4. Ah Nah Podcast - conversations with Myanmar
5. All Arakan Youth Organizations Network (AAYON)
6. All Aung Myay Thar San Schools Strike Force
7. All Burma Federation of Student Unions (Monywa District)
8. Alliance for Democracy in Myanmar (ADM)
9. Alliance of Students' Union – Yangon (ASU-Yangon)
10. Anti-Coup Forces Coordination Committee (ACFCC -Mandalay)
11. Anti-Junta Alliance Yangon-AJAY
12. Arakan CSO Network
13. Arakan Peace Youth Network
14. A-Yar-Taw People Strike
15. Ayeyarwaddy West Development Organisation.AWDO (Magway)
16. Ayeyarwaddy West Development Organisation.AWDO (Nagphe)
17. AYN Ayeyawaddy Youth Network
18. Basic Education General Strike Committee (BEGSC)
19. Basic Education Worker Unions - Steering Committee (BEWU-SC)
20. Blood Money Campaign

21. Burma Civil War Museum (BCM)
22. Burma Human Rights Network (BHRN)
23. Burmese Rohingya Organisation UK
24. CDM Medical Network (CDMMN)
25. Chanmyatharzi Township People's Strike
26. Chaung Oo Township Youth Strike Committee
27. Chindwin (West) Villages Women Strike
28. Civil Information Network (CIN)
29. Civil Society Organizations Coordination Committee (Monywa)
30. Coalition Strike Committee – Dawei
31. Co-operative University Mandalay Students' Strike
32. CRPH & NUG Supporters Ireland
33. CRPH Funding Ireland
34. Daung Sitthe Strike
35. Dawei (Ashaetaw) Women Strike
36. Dawei Youths Revolutionary Movement Strike Committee
37. Defend Myanmar Democracy
38. Democracy Movement Strike Committee (Dawei)
39. Democratic Youth Council
40. Depayin Township Revolution Steering Committee
41. Depayin Women Strike
42. Educational Initiatives Myanmar
43. Equality Myanmar (EQMM)
44. Ethnic Youth General Strike Committee (Mandalay)
45. Federal Corner
46. Former Political Prisoners and New Generation Group – Monywa
47. Free Rohingya Coalition (FRC)
48. Gangaw Women Strike
49. General Strike Collaboration Committee (GSCC)
50. General Strike Committee of Basic and Higher Education (GSCBHE)
51. General Strike Coordination Body (GSCB)
52. Generations' Solidarity Coalition of Nationalities (GSCN)
53. GURKHA MOVEMENT FOR DEMOCRACY
54. HTY Scout Channel
55. India For Myanmar
56. Industries Strike
57. Information & Scout News (Hlaing)
58. Justice Movement for Community - Innlay
59. Kachin Student Union
60. Kalay Township Strike Force
61. Kalay Women Strike
62. KantBaLu Strike Committee
63. Karenni Humanitarian Aid Initiative (KHAI)
64. KayahLi Phu Youth-KLY
65. Kayan New Generation Youth (KNGY )

66. Kayan Women's Organization-KyWO
67. Kyain Seikgyi Spring Revolution Leading Committee
68. Kyauktada Strike Committee (KSC)
69. Latpadaung Region Strike Committee
70. Legal Aid for Human Rights
71. LGBT Alliance
72. LGBT Alliance Myanmar (Kalay Region)
73. LGBT Alliance Myanmar (Kyaukse Region)
74. LGBT Community Yangon
75. LGBT Union – Mandalay
76. MAGGA Initiative
77. Magway People's Revolution Committee
78. Magway Region Human Rights Network
79. Maharaungmyay Township People's Strike
80. Mandalar University Students' Strike
81. Mandalay Alliance Coalition Strike
82. Mandalay Medical Family (MFM)
83. Mandalay Strike Force (MSF)
84. Mandalay Women Strike
85. Mandalay Youth Strike
86. Mandalay-based People's Strike
87. Mandalay-Based University Students' Unions (MDY_SUs)
88. Mata စစ်ကိုင်းတိုင်း
89. Mayangone News
90. MayMyo Strike Force
91. Monywa LGBT Strike
92. Min Hla Farmers Group
93. Minbu Farmers Group
94. Monywa LGBT Strike
95. Monywa People's Strike Steering Committee
96. Monywa Women Strike
97. Monywa-Amyint Road Strike Leading Committee
98. Monywa-Amyint Road Women Strike
99. Multi-Religions Strike
100. Mya Taung Strike
101. Myanmar Cultural Research Society (MCRS)
102. Myanmar Hindu Union
103. Myanmar Institute of Information Technology Students' Strike
104. Myanmar Labor Alliance (MLA)
105. Myanmar Muslim Revolution Force (MMRF)
106. Myanmar Tourism Committee
107. Myaung Youth Network
108. MyaYar Knowledge Tree
109. Myingyan Civilian Movement Committee
110. National League for Democracy (Monywa Township)

111. Network for Human Rights Documentation (ND-Burma)
112. Network of University Student Unions – Monywa
113. New Myanmar Foundation
114. New Power Generation
115. New York City Burmese Community (NYCBC)
116. No.12 Basic Education Branch High School (Maharaungmyay) Students' Union
117. NOK Information & Scout Echo
118. North Dagon & East Dagon News
119. NRFF- New Rehmonnya Federated Force
120. OCTOPUS (Youth Organization)
121. Oway Institute
122. Pale Township People's Strike Steering Committee
123. People Defense and Supporting Force
124. People's Goal
125. Pwintphyu Development Organisation
126. Pyi Gyi Tagon Strike Force
127. Representative Committee of University Teacher Associations (RC of UTAs)
128. Rohingya Student Network (RSN)
129. Samgha Sammaga-Mandalay
130. Save Myanmar San Francisco
131. Save Myanmar USA
132. Seinpann Strike
133. Shwe Pan Kone People`s Strike Steering Committee
134. Sisters to Sisters
135. Sitt Nyein Pann Foundation
136. Social Garden
137. Sourthen Monitor
138. Southern Dragon Myanmar
139. Southern Voice
140. Southern Youth Development Organization (SYDO)
141. Support Group for Democracy in Myanmar (the Netherlands)
142. Synergy Social Harmony Organization
143. Ta'ang Legal Aid Foundation - TLAF
144. Tamar Institute of Development
145. Tamwe Nway Oo Channel
146. Taze Strike Committee
147. Taze Women Strike
148. Technological Teachers' Federation - TTF
149. Thaketa & Dawbon Scout Channel
150. Thakhin Kodaw Mhine Peace Network (Monywa)
151. Thayat Chaung Women Strike
152. The 88 Generation Peace and Open Society (Monywa)
153. Twitter Team for Revolution (TTFR)
154. University Students' Unions Alumni Force
155. Volunteers in Myanmar

156. Wetlet Revolution Leading Committee
157. Wetlet Twonship Women Strike
158. White Coat Society Yangon (WCSY)
159. Women Alliance Burma (WAB)
160. Women Lead Resource Center
161. Yadanabon University Students' Union (YDNBUSU)
162. Yangon Deaf Group
163. Yangon Medical Network
164. Yangon Women Strike
165. Yasakyo Township People`s Strike Steering Committee
166. Yinmarpin and Salingyi All Villages Strike Committee
167. Youth Empowerment
168. Youth Scout For Democracy (YSD)
169. ကန့်ဘလူပညာရေးဘုတ်အဖွဲ့
170. ချောင်းဦးမြို့နယ် လူငယ်အင်အားစုသပိတ်ကော်မတီ - CYSC
171. ဒို့မြေကွန်ရက် ( LIOH )
172. ပွင့်ဖြူလယ်ယာမြေကွန်ရက်
173. ဖက်ဒရယ်နွေဦး
174. မျိုးဆက်-Generations
175. မုန်တိုင်းကြားက သက်တံများ
176. သင့်မြတ်လိုသူများ
177. သမိုင်းသယ်ဆောင်သူများ
178. အညာလွင်ပြင်ရပ်ဝန်း